# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
## (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နေ့လယ် ၁၄း၁၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၄း၁၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းငှ့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၈၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၀၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိုအုပ် ခွင့် ၂ ရက်၊

(၂) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်ဝမ် ခွင့် ၇ ရက်၊

(၃) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၂ ရက်၊

(၄) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၈ ရက်၊

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၆) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၂ ရက်၊

(၇) ဝွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၂ ရက်၊

(၈) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလိုင် ခွင့် ၂ ရက်၊

(၉) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၂ ရက်၊

(၁၀) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၁၆ ရက်၊

(၁၁) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၂ ရက်၊

(၁၂) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၂ ရက်၊

(၁၃) ဒကိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၂ ရက်၊

(၁၄) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၁ ရက်၊

(၁၅) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၂ ရက်၊

(၁၆) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၁၇) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ် ခွင့် ၉ ရက်၊

(၁၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၂ ရက်၊

(၁၉) သဃ်ယန်းကန်းမဲဆနယ်မှ ဦးသိန်းနို့ န်၊ ခွ၉့် ရက်၊

(၂၀) ရေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၂ ရက်၊

(၂၁) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေး ခွင့် ၂ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၂ ရက်၊

(၂၃) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး ခွင့် ၁ ရက်နှင့်

(၂၄) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**မှူးကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မနက်က ၁၀ နာရီမှာ စတင်ကျင်းပရန်ဖြစ်သော်လည်းပဲ ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ နာယကကြီးကိုယ်တိုင်ပါဝင်တဲ့ အစည်းအဝေးကို ကျင်းပလိုက်တာ မနက် ၈ နာရီကျော်ကတည်းက ၁ နာရီခွဲပြီးမှပဲ ကျန်တော်တို့ နားရပါတယ်။ ဒါကြောင့်မို့လို့ အစည်းအဝေးကျင်းပတာ မနက်ကနေ နေ့လယ်ထိရောက်သွားတာလေးကို နားလည်ခွင့်လွှတ်ပေးဖို့ ကျန်တော်မေတ္တာရပ်ခံပါတယ်။

**ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်းမဲဆန္ဒနယ်က တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေးကော်မတီ၏စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ရန်ကုန်မြို့တွင် တည်ဆောက်နေသော အထပ်မြင့်အဆောက်အဦများကို ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရန်ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုတင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန်အတွက် ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်းမဲဆန္ဒနယ်က ၇-၁-၂၀၁၆ ရက်နေ့မှာ ဥက္ကဋ္ဌထံမှာ

စာဖြင့်ရေးသားပြီး လက်မှတ်ရေးထိုး တင်ပြလာတာရှိပါတယ်။ အဆိုမှာ တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေးကော်မတီ၏ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ရန်ကုန်မြို့တွင် တည်ဆောက်နေသော အထပ်မြင့်အဆောက်အဦများကို ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရန် ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဆိုတဲ့အဆို ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကိုတင်သွင်းဖို့အတွက် မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မတင်ပြမယ့် အရေးကြီးအဆိုကတော့ တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေးကော်မတီ၏ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ရန်ကုန်မြို့တွင် တည်ဆောက်နေသော အထပ်မြင့်အဆောက်အဦများကို ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရန် ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းပေးထားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆို ဖြစ်ပါတယ်။ ယင်းကိစ္စများသည် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးနှင့်လည်း ဆက်စပ်နေပါ၍ တင်သွင်းရခြင်းဖြစ်ပါသည်။ အရေးကြီးအဆိုအား တင်သွင်းခွင့်ပြုပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ရှိပါတယ်ရှင်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်။ အစိုးရဝန်ကြီးဌာနများသည် အဆောက်အဦအသစ် ဆောက်လုပ်လိုပါက အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာနသို့ တင်ပြပြီး ၎င်းဌာနမှ နိုင်ငံတော်ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ခွင့်ပြုချက်ရမှသာ စတင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပုဂ္ဂလိကဆောက်လုပ်ရေး လုပ်ငန်းများသည်လည်း အထပ်မြင့်အဆောက်အဦများဆောက်လုပ်လိုပါက သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများသို့ ဆောက်လုပ်မည့်အဆောက်အဦ၏ အသေးစိတ်ပုံစံများကို အတိအကျရေးဆွဲ၍ ခွင့်ပြုချက်တင်ပြလျှောက်ထားရပါတယ်။ စည်ပင်သာယာရေးကော်မတီမှ အဆောက်အဦ၏အရည်အသွေးကို စိစစ်သည့်အပြင် အထပ်မြင့်ဆောက်လုပ်ရန် မသင့်တော်သော၊ သတ်မှတ်ထားသော နယ်မြေများအတွင်း မဖြစ်စေရန်နှင့် ဘေးပတ်ဝန်းကျင်ရှိနေအိမ်များ အနှောင့်အယှက်မဖြစ်စေရန်အတွက် အိမ်နီးချင်း ၁၀ ဦး၏ မူကြမ်း

ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်ကို လက်မှတ်ရေးထိုးစေပြီးမှသာ ခွင့်ပြုလေ့ရှိပါတယ်။ ယခုအခါတွင် ဝန်ကြီးဌာနတချို့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာနသို့ တင်ပြခြင်းမရှိသကဲ့သို့ နိုင်ငံတော်ဘတ်ဂျက်တွင်လည်း ခွင့်ပြုထားခြင်းမရှိသော အထပ်မြင့်အဆောက်အဦများကို ဆောက်လုပ်နေသကဲ့သို့ ပုဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသည်လည်း ဘေးပတ်ဝန်းကျင်နေအိမ်မှ ကန့်ကွက်ထားပါလျက် စည်ပင်သာယာရေးကော်မတီ၏ စည်းမျဉ်းစည်းကမ်းများနှင့်မကိုက်ညီဘဲ အထပ်မြင့်အဆောက်အဦများကို တည်ဆောက်နေကြောင်း တွေ့ရှိရပါတယ်။ အထပ်မြင့်အဆောက်အဦဆိုသည်မှာ ရှစ်ထပ်ခွဲထက်ပိုသော အဆောက်အဦများကို ဆိုလိုပြီး ၎င်းအထပ်မြင့်အဆောက်အဦများ တည်ဆောက်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာန၏ အင်ဂျင်နီယာဌာန၊ အဆောက်အဦဌာနစိတ်အပြင် အထပ်မြင့်အဆောက်အဦစိစစ်ရေးကော်မတီသို့ပါ တင်ပြရပါတယ်။ အချို့သောအဆောက်အဦများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မသင့်လျော်ကြောင်း ကန့်ကွက်ထားပါလျက် အထပ်မြင့်အဆောက်အဦစိစစ်ရေးကော်မတီသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် မြို့တော်ဝန်၏ သီးခြားညွှန်ကြားချက်ဖြင့် ခွင့်ပြုချက်များ ထုတ်ပေးလျက်ရှိကြောင်း ကြားသိရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ဥပမာတင်ပြရမည်ဆိုလျှင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ၁၂ ထပ်အမြင့်ရှိ အဆောင်သစ်ကြီးတစ်ဆောင်ကို ကျန်းမာရေးဝန်ကြီးဌာနမှ တည်ဆောက်နေမှုတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာန တင်ပြခြင်းမရှိသကဲ့သို့ နိုင်ငံတော်ဘတ်ဂျက်၌ ပြည်ထောင်စုလွှတ်တော်မှလည်း ခွင့်ပြုထားခြင်းမရှိပါ။ ယင်းအထပ်မြင့်အဆောက်အဦ တည်ဆောက်ခွင့်ကို သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီသို့လည်း လျှောက်ထားခြင်းမရှိဘဲ ဆောက်လုပ်လျက်ရှိရာ ယခုအခါ လေးထပ်အထိ ပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ၎င်းအဆောက်အဦတည်ဆောက်ခြင်းကို မြန်မာနိုင်ငံအင်ဂျင်နီယာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံဗိသုကာပညာရှင်အသင်းတို့ကလည်း စံချိန်စံညွှန်းစိစစ်ထားခြင်းမရှိသဖြင့် ကန့်ကွက်ထားကြောင်း ကြားသိရပါတယ်။ ကန့်ကွက်ရသည့်အကြောင်းအရင်းမှာ အဆောက်အဦပြီးစီး၍ အသုံးပြုခဲ့လျှင် ကျန်းမာရေးဝန်ထမ်းများနှင့် တက်ရောက်ကုသနေသော ပြည်သူလူထုများ၏ အသက်ဘေးအန္တရာယ်အတွက်ပါ စိုးရိမ်ရသောကြောင့်ဖြစ်ပါတယ်။ ထို့ပြင် ပုဂလိကဆောက်လုပ်ရေးလုပ်ငန်းများအနေဖြင့်ဆိုလျှင်လည်း ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် တကသိုလ်ရိပ်သာလမ်း အမှတ်(၇၄) တွင် တည်ဆောက်နေသော ၁၂ ထပ်ခွဲ အထပ်မြင့်အဆောက်အဦသည် အထပ်မြင့်အဆောက်အဦများ မဆောက်လုပ်ရန်

Prime area အဖြစ်သတ်မှတ်ထားသော နေရာဖြစ်သည့်အပြင် ဘေးပတ်ဝန်းကျင်ရှိ ဘုန်းကြီးကျောင်းများဖြစ်ကြသော ဝေဠုဝန်ကျောင်း၊ အင်းလျားကန်ဖျားတိုက်သစ်ကျောင်း၊ တောင်ပုလုကျောင်းနှင့် အင်းလျားကန်ဖျားကျောင်းတို့က ဆရာတော်များနှင့် ပတ်ဝန်းကျင်တွင်နေထိုင်ကြသူများက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ကန့်ကွက်စာများ လက်မှတ်ရေးထိုးတင်ပြသောကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် အမှတ်(၇)ရုံးမှလည်း လုပ်ငန်းရပ်ဆိုင်းထားရန် တရားဝင်ညွှန်ကြားစာပို့ထားပါလျက် အဆောက်အဦ၏ အုတ်မြစ်ချခြင်းလုပ်ငန်းဖြစ်သော Bored pile လုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ အစိုးရဝန်ကြီးဌာနများအနေဖြင့် စီမံကိန်းအဆောက်အဦများ ဆောက်လုပ်ရာ၌ ဘတ်ဂျက်ကို ပြည်ထောင်စုလွှတ်တော်သို့ တောင်းခံပြီး ခွင့်ပြုချက်ရရှိရန်လည်းကောင်း၊ စည်ပင်သာယာရေးကော်မတီ၏ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရန်လည်းကောင်း လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ရန်ကုန်မြို့တွင်တည်ဆောက်နေသော အထပ်မြင့်အဆောက်အဦများကို ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရန် ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒေါက်တာဒေါ်မေဝင်းမြင့် တင်သွင်းသွားတဲ့အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါ။ ကျွန်မမှ မရမ်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်၏အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ရန်ကုန်မြို့အတွင်း အထပ်မြင့်အဆောက်အဦ ဆောက်လုပ်ခြင်းများတွင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောက်လုပ်ရပါတယ်။ အစိုးရအဆောက်အဦများဆောက်လုပ်ရာတွင်လည်း ပြည်ထောင်စုအစိုးရသို့ ဘတ်ဂျက်ရေးဆွဲတင်ပြပြီး ခွင့်ပြုချက်ရရှိမှသာလျှင် စတင်ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ စံချိန်စံညွှန်းမညီဘဲ ဆောက်လုပ်ခဲ့ပါက ပြည်သူလူထုရဲ့အသက်အန္တရာယ်လည်း စိုးရိမ်ရပါတယ်။ ယခုအခါ ရန်ကုန်တင်မက နိုင်ငံတစ်ဝှမ်းနှင့် အတိအကျဆိုရရင် နေပြည်တော် ဥတ္တရသီရိ

မြို့နယ်၊ ဇဝနသိဒ်ရပ်ကွက်တွင် စည်ပင်သာယာရေးဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်း မရှိဘဲ ဆောက်လုပ်နေသည်ကိုလည်း တွေ့မြင်နေရပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ရှင်။ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးအတွက်လည်းကောင်း၊ အဆောက်အဦဆောက်လုပ်ခြင်းဆိုင်ရာ စည်ပင်သာယာရေးဥပဒေများ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စွာဆောက်လုပ်ရန် လိုအပ်ပါသောကြောင့် တည်ဆဲဥပဒေများ စည်ပင်သာယာရေးကော်မတီ ၏ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ရန်ကုန်မြို့တွင် တည်ဆောက်နေသော အထပ်မြင့် အဆောက်အဦများကို ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရန် ဆောင်ရွက်ပြီး သည်အထိ ရပ်ဆိုင်းထားပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့်အဆိုကို မော်လမြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျန်မဒေါ်ခင်ဌေးကြွယ်မှ လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီအဆိုကို ဆက်လက်ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့သဘော ထားကို ရယူပါမယ်။ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေရဲ့ သုံးပုံတစ်ပုံထက်မနည်း ထောက်ခံ လို့ရှိရင် အစီအစဉ် (၁၁) ပြီးဆုံးတဲ့အချိန်မှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့သဘောထားကို ရယူဖို့အတွက် စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆောင်ရွက်ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များအားလုံး ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါ တယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ အဆိုကို ထောက်ခံဆန္ဒမဲ ၂၄၆ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၂ မဲ၊ ကြားနေဆန္ဒမဲ ၃၈ မဲ ဖြစ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်းမဲဆန္ဒနယ်၏ တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေးကော်မတီ ၏စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ရန်ကုန်မြို့တွင် တည်ဆောက်နေသော အထပ်မြင့်အဆောက်အဦများကို ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရန် ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**မှုကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါကြောင့် လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံကျော်ရှိတဲ့အတွက် ဒေါက်တာဒေါ်မေဝင်းမြင့် တင်သွင်းတဲ့ တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေးကော်မတီရဲ့ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ရန်ကုန်မြို့တွင် တည်ဆောက်နေသော အထပ်မြင့်အဆောက်အဦများကို ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်စေရန် ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားပါရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆိုကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ ဒီအဆိုကို ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ပြည်သူ့လတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်ထံ အစည်း အဝေးခေတ္တရပ်နားချိန်မှာ အမည်စာရင်းပေးကြဖို့အတွက် အသိပေးတင်ပြအပ်ပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။အစီအစဉ် ၅ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါ တယ်။

**ပခုက္ကူမြို့နယ်အဆုံး ယောချောင်းဘေးတွင်ရှိသော ကျေးရွာများအတွက် အရှေ့ကမ်းဖြူ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြင့်ပေး ပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါကြောင့်ပထမဦးစွာ ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဝတ်ခွန်းဆက်ပါ တယ်။ ကျန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမဲဆန္ဒနယ်က ပြည်သူ့လတ်တော် ကိုယ်စားလှယ် ဦးပိုက်ကိုဖြစ်ပါတယ်။ ဒီနေ့ ကျန်တော်မေးမယ့်မေးခွန်းက ပညာရေးနှင့်ပတ်သက်ပြီး တော့ ကျန်တော်တို့ ပခုက္ကူမြို့နယ်၊ အရှေ့ကမ်းဖြူကျေးရွာရဲ့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြင့်ပေးနိုင်ရန်အတွက် မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီအရှေ့ကမ်းဖြူကျေးရွာ အလယ်တန်းကျောင်းဟာ ၁၉၇၂ ခုနှစ်က မူလတန်းကျောင်းအဖြစ် စတင်

ဖွင့်လှစ်ခဲ့ပါတယ်။ ၃၆ နှစ်ကြာတဲ့အခါမှာ ၂၀၀၈ ခုနှစ်မှာ အလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ခဲ့ပါတယ်။ ကျောင်းသားဦးရေဟာ မူလတန်းမှာ ၁၅၆ ဦးနှင့် အလယ်တန်းမှာ ၂၃၅ ဦး စုစုပေါင်း ၃၉၀ ဦးခန့်ရှိပါတယ်။ ဒီကျေးရွာကို အမှီပြုပြီးတော့ အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်တဲ့ ရှားဒူး၊ တောင်ပလူ၊ ဥယျာဉ်စု၊ ဒဲပြား၊ ခန့်တောဆိုတဲ့ကျေးရွာများက ဒီကျောင်းကို လာရောက်တက်ခဲ့ရပါတယ်။ ဒီကျောင်းဟာ ပခုက္ကူမြို့နယ်ရဲ့အစွန်အဖျားနဲ့ ဆိပ်ဖြူမြို့နယ်ရဲ့အစွန်အဖျားမှာ တည်ရှိပါတယ်။ အနီးဆုံး အ.ထ.က(ခွဲ)ရှိတဲ့ကျေးရွာဟာ အရာတော်ကျေးရွာဖြစ်ပြီးတော့ ၁၅ မိုင်ခန့် ကွာဝေးပါတယ်။ တောင်တန်းများခြားပြီးတော့ မိုးရာသီမှာ သွားလာရန်ခက်ခဲတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းက အခုလို အခက်အခဲရှိတဲ့ကျေးရွာကို အလယ်တန်းကျောင်းခွဲအဖြစ်မှ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် မည်သည့်နှစ်တွင် တိုးမြှင့်ပေးနိုင်ပါမည်ကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသောပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်းက မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပိုက်ကိုရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် အရှေ့ကမ်းဖြူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် စုစုပေါင်းအလယ်တန်းအဆင့်သင်ကျောင်းသား ၂၃၅ ဦးရှိပါတယ်။ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အတွက် အလယ်တန်းအဆင့်သင်ကျောင်းသား ၂၄၀ ဦးနှင့် အထက်ရှိရမည်ဖြစ်ပါ၍ သတ်မှတ်မူဘောင်နှင့်ကိုက်ညီမမရှိ၍သော်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိခဲ့သော အခြေခံပညာအလယ်တန်းကျောင်း အရေအတွက်အားလုံးကို အဆင့်တိုးမြှင့်ပေးခဲ့ပြီး

ဖြစ်၍လည်းကောင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆင့်တိုးမြင့်ပေးနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောက်ဖြူမြို့ရှိ GTI ကျောင်းဆောက်လုပ်ရန် လိုအပ်သည့်မြေနေရာရရှိအောင် မည်သို့စီစဉ်ဆောင်ရွက်သနည်းနှင့် ဆောက်လုပ်ရန် ရန်ပုံငွေများကို မည်ကဲ့သို့ စီမံခွင့်ပြုပါသနည်းတို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဥက္ကဋ္ဌကြီးနှင့် လတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျာ ကျန်တော်ကတော့ ရခိုင် ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ ကျန်တော်တို့ ကျောက်ဖြူမြို့မှာ GTI ကျောင်းတစ်ကျောင်းဖွင့်ထားတာရှိပါတယ်။ အဲဒီကျောင်းနဲ့ပတ်သက်တဲ့ မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တော်တို့ ကျောက်ဖြူမြို့မှာ နိုင်ငံတော် သမတက GTI ကျောင်းတစ်ကျောင်း ဖွင့်လှစ်ခွင့်ပြုထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး ခြေဆင်းမပြောခင် မေးခွန်းကို အရင်တင်သွင်းပါ့မယ်။ မေးခွန်းတွေကတော့ နံပါတ်(၁) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ရှိ GTI ကျောင်းဆောက်လုပ်ရန် လိုအပ်သည့် မြေနေရာရရှိအောင် ဆောင်ရွက်ရန် မည်သူ့တွင် တာဝန်ရှိ ပါသနည်း။ နံပါတ်(၂) ယခုအချိန်အထိ GTI ကျောင်းဆောက်ရန် မြေနေရာမရှိဘဲ မည်သည့်အတွက် ကြန့်ကြာနေပါသနည်း။ မြေနေရာရရှိအောင် မည်သို့စီစဉ်ဆောင်ရွက်နေပါသနည်း။ နံပါတ်(၃) ကျောက်ဖြူမြို့ရှိ GTI ကျောင်းကို ဆောက်လုပ်ရန် ရန်ပုံငွေများကို မည်ကဲ့သို့စီမံခွင့်ပြုပေးပါမည်နည်း ဆိုတဲ့ မေးခွန်းသုံးခုကို မေးမြန်းထားခြင်းဖြစ်ပါတယ်။

ကျန်တော်တို့ ကျောက်ဖြူမြို့မှာ ဖွင့်လှစ်ခွင့်ပြုထားတဲ့ GTI ကျောင်းဟာ အခု နှစ်နှစ်ရှိပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျောင်းမြေနေရာနဲ့ ကျောင်းအဆောက်အဦမရှိသေးပါဘူး။ ဒါကြောင့် မေးခွန်း မေးမြန်းရတာဖြစ်ပါတယ်။ ကျန်တော်တို့ ဒေသအတွက် နည်းပညာ၊ အတတ်ပညာသင်ကျောင်းဖြစ်တဲ့ ဒီ ကျောက်ဖြူမြို့ GTI ကျောင်းဆောက်ဖို့ မြေနေရာနဲ့ ကျောင်းဆောက်ဖို့ ရန်ပုံငွေကိစကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျောက်ဖြူမြို့မှာ GTI ကျောင်းအတွက် ကိုယ်ပိုင်အဆောက်အဦလို မရှိသေးလို့

ကျောက်ဖြူမြို့ သံပိုင်ချောင်းရပ်ကွက်မှာရှိတဲ့ အလယ်တန်းကျောင်း အမှတ်(၄)ကို ခဏယူပြီးတော့ စာသင်နေရပါတယ်။ ဒီ အလယ်တန်းကျောင်း အမှတ်(၄)ကိုတော့ အဲဒီနားက ရပ်ကွက်တစ်ကွက်ဖြစ်တဲ့ အစိုးရရပ်ကွက်မှာရှိတဲ့ အ.ထ.က(၃)က စာသင်ဆောင်တစ်ဆောင်သို့ပြောင်းပြီးတော့ စာသင်နေရပါတယ်။ အဲဒီတော့ အ.လ.က(၄)က ကိုယ့်စာသင်ဆောင်ကို သင်ခွင့်မရဘဲနဲ့ အ.ထ.က (၁) သို့ပြောင်းနေရတဲ့ ကျောင်းသူကျောင်းသားတွေ၊ ကျောင်းသားမိဘတွေလည်း အခက်အခဲရှိနေကြတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့ GTI ကျောင်း မြေနေရာရရှိရေးအတွက် ကျန်တော်တို့လည်း အမျိုးမျိုးကြိုးစားခဲ့ကြပါတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါ။ ကျောက်ဖြူမြို့ ပိုက်ဆိပ်ရပ်ကွက်မှာ မြေဧက ၂၀ ကျော်လောက်ရှိတဲ့ မီးလောင်ပြင်မြေကွက်တစ်ကွက်ရှိပါတယ်။ ဒီမြေကွက်ဟာ ကျန်တော်တို့ ကျောက်ဖြူမြို့ GTI ကျောင်းဆောက်ဖို့အတွက်ဆိုလို့ရှိရင် လုံလောက်တဲ့မြေကွက်ဖြစ်ပါတယ်။ ထိုမြေကွက်တွင် GTI ကျောင်းဆောက်ရန်သင့်လျော်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပံနှင့် နည်းပညာဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာ ခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ သိပံနှင့် နည်းပညာဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျန်တော် ဒေါက်တာအောင်ကျော်မြတ်က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘရှိန်ရဲ့ မေးခွန်းများကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အစိုးရစက်မှုလက်မှုသိပံ (ကျောက်ဖြူ)ကို ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှာ စတင်ပြီးတော့ ဖွင့်လှစ်ခဲ့ပါတယ်။ ပြည်ထောင်စု အစိုးရရဲ့ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ အခုနက ကိုယ်စားလှယ်တော်ကြီး မိန့်ကြားသွားတဲ့ အတိုင်းပါပဲ။ နေရာကတော့ ကျောက်ဖြူမြို့ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှာ ရခိုင် ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်၊ ပညာရေးဝန်ကြီးဌာနနှင့် သိပံနှင့် နည်းပညာဝန်ကြီးဌာန တို့ ညှိနှိုင်းဆောင်ရွက်ပြီးတော့

ယာယီဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလို ဖွင့်လှစ်ဖို့ ဆောင်ရွက်စဉ် တုန်းကလည်း Stateholder အားလုံးနဲ့ အဆင်ပြေအောင် ညှိနှိုင်းထားခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီးတော့ ကျန်တော်တို့ အစိုးရစက်မှုလက်မှုသိပံ(ကျောက်ဖြူ)အတွက် မြေနေရာရရှိရေးကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါတယ်။

ပထမအဆင့်အနေနဲ့ကတော့ ကျန်တော်တို့ ကျောက်ဖြူမြို့နယ်၊ ကန္ဒီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၆၉) နှမ်းဖဲတောင်ကွင်း လယ်ယာမြေဧက ၃၀ ကို မြေယာလျော်ကြေး ကျပ် ၅၄၀ သိန်းနဲ့ သီးနှံလျော်ကြေး ၃၁၅ သိန်း စုစုပေါင်း ၈၅၅ သိန်း၊ နောက် အဲဒီမြေတွေဟာ လယ်ယာမြေများဖြစ်နေတဲ့အတွက် ပြန်လည်ဖော်ထုတ်ပေးရန်နဲ့ ဆည်တမံအသေးများဆောက်လုပ်မယ့်လုပ်ငန်းများပါ ပါဝင်ပြီးတော့ လိုအပ်ငွေ ရန်ပုံငွေကျပ် ၁၇၇.၅ သန်း ကျန်တော်တို့ GRF ကနေပြီးတော့ တင်ပြတောင်းခံထားခဲ့ပါတယ်။ သို့သော်လည်းပဲ အဲဒီအချိန်ဟာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ လကုန်ပိုင်းဖြစ်နေတဲ့အတွက် ကျန်တော်တို့ ဘတ်ဂျက်ကုန်တဲ့၊ ပိတ်တဲ့အချိန်ဖြစ်နေတဲ့အတွက် ဒီလုပ်ငန်းများဆောင်ရွက်ရန်အခက်အခဲရှိပါသဖြင့် မြေယာလျော်ကြေးပေးရန် ခွင့်ပြုချက်ရထားတဲ့ငွေများကို ကျန်တော်တို့အချိန်မီပြန်လည် အပ်နှံခဲ့ရပါတယ်။

နောက်နိုင်ငံတော်သမတရုံးကိုလည်း ထပ်မံတင်ပြခဲ့တဲ့အခါမှာ ဒီကျောင်းဖွင့်မယ့်မြေနေရာကိုသီးသန့်ရှာမယ့်အစား အစိုးရပိုင်မြေ ဒါမှမဟုတ် မြို့အနီးအနားမှ စိုက်ခင်းများလွတ်တဲ့မြေရှိ/မရှိရှာဖွေပြီး ပြန်လည်တင်ပြရန်လို့ နိုင်ငံတော်သမတရုံးက လမ်းညွှန်မပြုခဲ့ပါတယ်။ အဲဒီအထက်ပါလမ်းညွှန်ချက်အတိုင်းပဲ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှလည်းပဲ သတ်မှတ်ထားတဲ့အစိုးရမြေ သို့မဟုတ်မြို့အနီးအနားမှ စိုက်ခင်းလွတ်တဲ့မြေနေရာများကို ဦးစားပေးအဆင့်အလိုက် အောက်ဖော်ပြပါအတိုင်းရွေးချယ်ပေးခဲ့တာကို ကျန်တော် အကျဉ်းချုပ်တင်ပြပါရစေ။

ဦးစားပေး(၁) ကျောက်ဖြူမြို့နယ်၊ ဂုံးခါ်န်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၅၀) အောက်ပြိန်ကွင်းအတွင်းကျရောက်ကာ မြေဧရိယာ ၂၀.၂၂ ဧက။ ၎င်းမြေနေရာအား အမှတ်(၃၄) ခြေလျင်တပ်ရင်းမှဘက်စုံခြံမြေအဖြစ် အသုံးပြုလျက် ပြည်ထဲရေးဝန်ကြီးဌာနမှ လဲပေးထားတာဖြစ်ပါတယ်။ ဦးစားပေး(၂) ကျောက်ဖြူမြို့နယ်၊ ဂုံးခါ်န်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၃၉) သသံခဲကွင်းအတွင်း မြေဧရိယာ ၁၉.၆၇ ဧက။ အမှတ်(၅၄၂) ခြေမြန်တပ်ရင်းမြေဖြစ်ပါတယ်။ ဦးစားပေး(၃) ကျောက်ဖြူမြို့နယ် ကုလားပိုက်ဆိပ်ရပ်ကွက်၊ မြို့ကွက်အမှတ်(၆)နှင့် ရခိုင်ပိုက်ဆိပ်ရပ်ကွက်၊ မြို့ကွက်အမှတ်(၅-

က) စုစုပေါင်းမြေဧရိယာ ၂၆.၄၃၃ ဧက။ အခုနက ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိသွားတဲ့ နေရာဖြစ်ပါတယ်။ မြို့မြေဧရိယာအတွင်းကျရောက်ကာ ပဋိပက္ခဖြစ်စဉ်ကြောင့် မီးလောင်ပြင်နယ်မြေအတွင်း တည်ရှိပြီး အဆိုပါမြေဧရိယာအတွင်း ကုလားပိုက်ဆိပ်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း အဆောက်အဦတစ်ခုတည်ရှိပါတယ်။ ဦးစားပေး(၄)ကတော့ ကျနော်တို့ ကျောက်ဖြူမြို့နယ်မှာပါပဲ။ ဂုံးချိန်ကျေးရွာမှာပါပဲ။ မြေဧရိယာ ၂၁.၁၇ ဧကကတော့ စီးပွားရေးဦးပိုင်လီမိတက်ပိုင် ဆားကွင်းမြေနေရာဖြစ်ပါတယ်။ ဦးစားပေး(၅)ကတော့ ကျောက်ဖြူမြို့နယ်ပါပဲ။ တောင်းရင်းကျေးရွာ၊ ကွင်းအမှတ်(၄၃၇)၊ မြေဧရိယာ ၆.၄၃ ဧကရှိပြီးတော့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမဦးစီးဌာနသို့ လွဲပြောင်းထားပြီးတော့ ကျောက်ဖြူ (SEZ)အတွက် ကျမ်းကျင်လုပ်သားများ ပေါ်ထွန်းလာရေးသင်တန်းကျောင်း အဖြစ် အသုံးပြုရန် လျာထားလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ အဲဒီအဆိုပါဦးစားပေး ငါးနေရာအနက်မှ ဦးစားပေး(၁)၊ (၂)၊ (၄) နှင့် (၅)ဟာ ရရှိရန် ခက်ခဲတဲ့အတွက် ဦးစားပေး(၃)ဖြစ်တဲ့ ကျောက်ဖြူမြို့နယ်၊ ကုလားပိုက်ဆိပ်ရပ်ကွက်၊ မြို့ကွက်အမှတ်(၆)နှင့် ရခိုင်ပိုက်ဆိပ်ရပ်ကွက်၊ မြို့ကွက်အမှတ်(၅-က) စုစုပေါင်းမြေဧရိယာ ၂၆.၄၃၃ ဧကကို အစိုးရစက်မှုလက်မှုသိပ်ပံဖွင့်လှစ်နိုင်ရေးအတွက် အသုံးပြုနိုင်ရန် ၉-၁၂-၂၀၁၅ ရက်နေ့မှာ စာအမှတ်၊ သပန/၃-၇(၁)က/၂၀၁၅(၁၉၃၄၀)ဖြင့် နိုင်ငံတော်သမတရုံးသို့ တင်ပြထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြေနေရာခွင့်ပြုမိန့်ရရှိပါက ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်နဲ့ လောလောဆယ်မှာလည်းပဲ သင်ကြားရေးလုပ်ငန်းများအတွက် သင်ထောက်ကူပစ္စည်းများ ဝယ်ယူနိုင်ဖို့အတွက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်တော့ တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ဒီဟာအားလုံးဟာဆိုရင် ကျနော်တို့ မြေနေရာရရှိရေးအတွက် ဆောက်ရွက်ခဲ့တာဖြစ်ပါတယ်။ ရန်ပုံငွေကတော့ အခုနက ဘတ်ဂျက်တောင်းခံထားကြောင်း တင်ပြအပ်ပါတယ်။

**ဘီးလင်းမြို့နယ်၊ ကဖိုင်းကျေးရွာရှိ ကဖိုင်းဆည်မှ ရေများအား ရေရှားသည့် မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေသွယ်ယူသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များခင်ဗျား။ ကျနော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်း

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျန်တော့်အနေနဲ့ ဘီးလင်းမြို့ပေါ်ရပ်ကွက်တွေမှာ ရေရှားနေတဲ့ကိစ္စလေးနဲ့ပတ်သက်ပြီး မေးခွန်းမေးသွားမှာဖြစ်ပါတယ်။ ဘီးလင်းမြို့ပေါ်မှာ မြို့ပေါ်ရပ်ကွက် ငါးခုရှိပါတယ်။ အဲဒီမြို့ပေါ်ရပ်ကွက် ငါးခုအနက်မှ ကန်သာယာရပ်ကွက်နှင့် ဖိုးလှကြီးရပ်ကွက်တို့ဟာ နွေရာသီမှာ သောက်သုံးရေရှားပါးတဲ့ ပြဿနာကို နှစ်စဉ်ကြုံတွေ့ခံစားနေရပါတယ်။ ကျန်တော်တို့ ဘီးလင်းမြို့နှင့် နှစ်မိုင်ခန့်ကွာဝေးတဲ့ ကဇိုင်းကျေးရွာမှာ ကဇိုင်းဆည်ဆိုတာရှိပါတယ်။ အဲဒီကဇိုင်းဆည်ဟာ ရေကာတာတမံကဲ့သို့ ဆောက်ထားတာဖြစ်ပြီးတော့ စိုက်ပျိုးရေးလုပ်ငန်းအတွက်သုံးတဲ့ဆည်အမျိုးအစားမဟုတ်ဘဲနဲ့ စိုက်ပျိုးမြေဧကတွေ ဖော်ထုတ်နိုင်အောင် ရေလှောင်တမံလိုလုပ်ထားတဲ့ဆည်ဖြစ်ပါတယ်။ အဲဒီဆည်မှာ ရေချိုပမာဏတွေ များစွာစုဆောင်းနိုင်ထားတာရှိတဲ့အတွက် နွေရာသီကာလမှာ ရေရှားပါးတဲ့ ဘီးလင်းမြို့ပေါ်ရပ်ကွက်တွေဖြစ်တဲ့ ကန်သာယာရပ်ကွက်နှင့် ဖိုးလှကြီးရပ်ကွက်တို့အတွက် သောက်သုံးရေရရှိဖို့ ဒီဆည်က ရေကို သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး ရရှိသုံးစွဲနိုင်ခြင်းရှိ/မရှိကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဝတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်ရဲ့ မေးမြန်းတဲ့မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော် မှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်တွင် ဘီးလင်းသကြားစက် စတင်လည်ပတ်စဉ်က စက်ရုံအတွက် လိုအပ်သော ချက်ကြံစိုက်ခင်းများသို့ စိုက်ပျိုးရေပေးဝေရန် ရည်ရွယ်၍ ကဇိုင်းရေလှောင်တမံကို ၁၉၈၀ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ရေထုတ်ပြွန်ပါဝင်မမရှိဘဲ ရေစုပ်စက်များဖြင့် ရေတင်၍ ရေပေးမြောင်းများမှတစ်ဆင့် စိုက်ကွင်းများသို့ ရေပေးဝေခဲ့ပါတယ်။

ယခုအခါ ချက်ကြံစိုက်ခင်းများ စိုက်ပျိုးခြင်းမရှိတော့သဖြင့် ရေပေးဝေမမရှိသောကြောင့် ဆည်အတွင်းသိုလှောင်ထားသော ရေများအား ဘီးလင်းမြို့နှင့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေရာတွင် အကျိုးရှိရှိ အသုံးချနိုင်မှာဖြစ်ပါတယ်။ ကဇိုင်းတမံမှ သောက်သုံးရေဖြန့်ဝေမည်ဆိုပါက တမံ၏သင့်လျော်သောနေရာတွင် ရေစုပ်စက်များ တပ်ဆင်ထားရှိပြီး ရေစစ်ကန်/ကလိုရင်းဆေးခတ်ကန်နှင့် အခြားလိုအပ်ချက်များ တည်ဆောက်လျက် ရေပိုက်စနစ်ဖြင့် ဖြန့်ဝေသည့်နည်းလမ်းဖြင့် အသုံးပြုနိုင်မည်ဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေမကိုသာ အဓိကဆောင်ရွက်လျက်ရှိပါတယ်။ ကဇိုင်းတမံမှ ဘီးလင်းမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် ဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ကဇိုင်းကျေးရွာရှိ ကဇိုင်းဆည်မှရေများအား ရေရှားသည့် မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေသွယ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ တင်ပြညှိနှိုင်းလာပါက ဆည်မြောင်းဦးစီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တမူးခရိုင်းအတွင်းရှိ ရေကြီးရေလျှံမကြောင့် တောင်သူလယ်သမားများ စိုက်ပျိုးထားသည့် လယ်ယာများ ပျက်စီးခဲ့ရပါသဖြင့် စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ရန် အခက်အခဲရှိနေခြင်းနှင့် ရေတိုက်စား၍ ပါသွားသော လယ်ယာမြေများအစား လုပ်ကိုင်စားသောက်ရန် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို လျောက်ထားခွင့်ပေးပြီး အမြန်ဆုံးချပေးရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် လတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရေ ဖြစ်ပါတယ်။ ကျန်တော့်အနေဖြင့် ရေဘေးသင့်တောင်သူလယ်သမားများရဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လတ်တော်သို့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်အတွင်း ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လ အတွင်းက ရေကြီးရေလျှံမကြောင့် မြို့၊ ရပ်ကွက်ကျေးရွာများ ရေတိုက်စားခြင်းခံခဲ့ရပါတယ်။

တောင်သူလယ်သမားများရဲ့ လယ်ယာမြေအများစုဟာလည်း သဲနုန်းများဖုံးလမ်းခဲ့သဖြင့် တောင်သူများ များစွာနစ်နာဆုံးရှုံးခဲ့ရပြီး လယ်ယာမြေများ ရေတိုက်စားခံရခြင်း၊ သဲဖုံးလမ်းခြင်း၊ စိုက်ပျိုးရေအတွက် ရေမြောင်းများပျက်စီးခြင်းတို့ကြောင့် လယ်သမားများရဲ့ စိုက်ပျိုးထားတဲ့ လယ်ယာများ ပျက်စီးခဲ့ရပါတယ်။ အောင်ရေမရရှိခဲ့တဲ့အတွက် စိုက်ပျိုးသီးနှံများအထွက်နှုန်းလျော့ခြင်း၊ ပျက်စီးခြင်းများလည်း ဖြစ်ပေါ်ခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ စပါးပေါ်ချိန်မှာ ပြန်လည်ပေးဆပ်ရမယ့် စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ရန်အတွက် တောင်သူလယ်သမားများအနေဖြင့် အခက်အခဲရှိနေခြင်း၊ သဲနုန်းဖုံးလမ်းနေတဲ့ လယ်ယာမြေများကို ပြန်လည်၍ လယ်ကွက်များဖော်ထုတ်ပေးစေလိုခြင်းနှင့် ရေတိုက်စား၍ ပါသွားတဲ့ လယ်ယာမြေများ အစား လုပ်ကိုင်စားသောက်နိုင်ရန် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လျာထားခွင့်ပေးပြီး အမြန်ဆုံးချထားပေးစေလိုကြောင်း ဒေသခံရေဘေးသင့်တောင်သူများက တင်ပြခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ရေဘေးသင့်တောင်သူများ၏ အထက်ဖော်ပြပါ တင်ပြချက်အခက်အခဲများကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရေရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီးတော့ ကျန်တော် ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်အတွင်း ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းတွင် ရေကြီးရေလျှံမကြောင့် ပျက်စီးသွားသော လယ်ယာမြေများ စပါးပေါ်ချိန်တွင် စိုက်ပျိုး စရိတ်ချေးငွေ ပြန်ဆပ်ရန် အခက်အခဲရှိနေခြင်းကိစနှင့်ပတ်သက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေ အခန်း(၆)၊ နည်းဥပဒေ ၃၀ အရ ရက်ရွေ့ဆိုင်းပေးဆပ်ခွင့်ပြုရန် မြို့နယ်ဘဏ်ခွဲမန်နေဂျာထံသို့ လျာထားတင်ပြနိုင်ပါတယ်။ ယနေ့ထိ တမူးခရိုင်မှ ရေကြီးရေလျှံမကြောင့် ပျက်စီးလယ်ယာမြေများအတွက် ၂၀၁၅ ခုနှစ်၊

မိုးချေးငွေများအား ရက်ရေ့ဆိုင်းပေးဆပ်ခွင့်ပြုပါရန် တင်ပြခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ သဲနုန်းဖုံးလမ်းနေသော လယ်ယာမြေများကို ပြန်လည်၍ လယ်ကွက်များ ဖော်ထုတ်ပေးစေလိုသည့်ကိစနှင့်ပတ်သက်၍ တမူးခရိုင်အတွင်း ၂၀၁၅ ခုနှစ် မိုးရာသီရေကြီးရေလျံစဉ်က လယ်ယာမြေ ၇၃၁၈ ဧကမှာ သဲနုန်းနှင့် အမိုက်၊ ဒိုက်များဖုံးလမ်းခဲ့ပါတယ်။ သဲနုန်းနှင့် အမိုက်၊ ဒိုက်များဖုံးလမ်းခဲ့သည့် ၇၃၁၈ ဧက အနက် ၄၃၅၃ ဧကကို စက်မလယ်ယာဦးစီးဌာနပိုင်ထွန်စက်များဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ပြီးဖြစ်ပါတယ်။ ရှင်းလင်းရန်ကျန်ဧရိယာများမှာ သာမန်ထွန်စက်ဖြင့် ရှင်းလင်းရန် အခက်အခဲရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ပေးသော စက်ယန္တရားအချို့နှင့်ပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိနေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ရေတိုက်စား၍ လယ်ယာမြေပါသွားသော ဧရိယာများအတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လျှောက်ထားခွင့်ပေးပြီး အမြန်ဆုံးချထားပေးစေလိုခြင်းနှင့်ပတ်သက်၍ ရေတိုက်စားခြင်းဖြစ်သဖြင့် လယ်ယာ မြေ ၅၆၆ ဧက ပျက်စီးမရှိခဲ့ပါတယ်။ အဆိုပါကိစနှင့်ပတ်သက်၍ လယ်ယာမြေဖော်ထုတ်လုပ်ကိုင်လိုသူများက ၂၀၁၂ ခုနှစ် ပြဋ္ဌာန်းပြီးဖြစ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ တိုင်းဒေသကြီး မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့သို့ တင်ပြလျှောက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်ရေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း ဆက်စပ်မေးခွန်းလေး မေးမြန်းလိုပါတယ်။ ကျနော်တို့ တမူးမြို့နယ်မှာ ခုနက ဒုတိယဝန်ကြီးဖြေသွားသလို လယ်ဧက ၇၃၁၈ ဧကလောက် ဖုံးလမ်းပျက်စီးသွားတာဖြစ်ပါတယ်။ ကျနော်သိသလောက်တော့ ကျနော့်တမူးမြို့နယ်က တောင်သူလယ်သမားတွေက ဒီလောက်ရေကြီးပျက်စီးသွားတာကို နိုင်ငံတော်က စီမံချက်ချပြီးတော့မှ ဒီစိုက်ပျိုးစရိတ်ချေးငွေကို ပြန်ဆပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးလိမ့်မယ်လို့ သူတို့က ဒီလိုမျှော်လင့်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဒုတိယဝန်ကြီးဖြေသလို အဲဒီလို ပျက်စီးသွားတဲ့ တောင်သူလယ်သမားတွေက လျှောက်လာနဲ့ လျှောက်ရမယ်ဆိုလို့ရှိရင် ဒီကိစဟာ အလျင်အမြန်ဆောင်ရွက်ရမယ့်ကိစဖြစ်ပါတယ်။ အခု

အောက်ခြေမှာ စပါးပေါ်ချိန်ရာသီဖြစ်တဲ့အတွက် မကြာခင်မှာ ပြန်ဆပ်ရတော့မှာဖြစ်ပါတယ်။ တောင်သူလယ်သမားတွေ တော်တော်လေးအခက်အခဲဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာန အနေဖြင့် အောက်ခြေမှာရှိတဲ့ မိမိတို့ရဲ့ဌာနကို ဒီစိုက်ပျိုးစရိတ် ချေးငွေပြန်ဆပ်နိုင်ရန် အခက်အခဲဖြစ်တဲ့ တောင်သူလယ်သမားများထံ အမြန်ဆုံးအကြောင်းကြားပြီးတော့မှ ဒီလောက်လာကို အမြန်ဆုံးရအောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ အချက်တစ်ချက်ကို ကျန်တော်မေးမြန်းလိုပါတယ်။

ဒုတိယတစ်ချက်ကတော့ ခုနက မြေလွတ်၊ မြေလပ်၊ မြေရိုင်း လာလျောက်တာမှန်ပါတယ်။ ဥပဒေအရ။ အခု ကျန်တော်တို့ ရေဘေးသင့်တဲ့တောင်သူတွေကို မပြောပါနဲ့ လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေးဥပဒေအရ ကျန်တော်တို့ ဒေသတွေမှာ တစ်နိုင်တစ်ပိုင် လျှောက်ထားကြတဲ့ တစ်ဦးကို တစ်ဧက၊ နှစ်ဧက လျှောက်တဲ့ပုဂ္ဂိုလ်တွေတောင်မှ ကာလ နှစ်နှစ် လောက်ကြာတဲ့အထိအောင် အောက်ခြေမှာ အခက်အခဲအများကြီးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီလူတွေတောင်မှ နှစ်နှစ်လောက်ကြာအခက်အခဲဖြစ်နေတယ်ဆိုရင် ဒီလို ရေဘေးသင့်ပြီးတော့မှ မိသားစုစားဝတ်နေရေးခက်ခဲနေတဲ့ တကယ့်တောင်သူလယ်သမားတွေအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနက တောင်သူလယ်သမားများနှင့် ညှိနှိုင်းပြီးတော့မှ အမြန်ဆုံး ဒီ မြေလွတ်၊ မြေလပ်၊ မြေရိုင်း လျှောက်ပိုင်ခွင့်ကော၊ ရပိုင်ခွင့်ကော အမြန်ဆုံးချပေးနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။ ဒီနှစ်ချက်ကို ကျန်တော် ထပ်ဆင့်မေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လတ်တော်ကိုယ်စားလှယ်ကြီး၏ ဆက်စပ်မေးမြန်းတဲ့မေးခွန်း နှင့်ပတ်သက်ပြီးတော့ ပထမဆုံး ချေးငွေပြန်ဆပ်တဲ့ကိစ အဲဒီကိစနှင့်ပတ်သက်လို့ရှိရင် ဝန်ကြီးဌာန အနေနဲ့ကတော့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့အနေနဲ့ သက်ဆိုင်ရာ လယ်ဘဏ်ကို ကျန်တော်တို့ တိုက်ရိုက်ညွှန်ကြားလို့မရပါဘူး။ အဲဒီကိစနှင့်ပတ်သက်ရင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရ ကနေတစ်ဆင့် တင်ပြလာတဲ့အပေါ်မှာ မူတည်ပြီးတော့ ပြည်ထောင်စုအစိုးရက ပြန်လည်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ပေးရမယ့် ကိစဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်းလျှောက်ထားခြင်းနှင့်ပတ်သက်ရင်လည်း ကျန်တော်တို့ ဒီဟာတွေကို အကုန်လုံး ဧက ၅၀ အထိကို တိုင်းဒေသကြီးအစိုးရကို လုပ်ပိုင်ခွင့်

ပေးထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနှင့်ပတ်သက်ရင်လည်း တိုင်းဒေသကြီးအစိုးရကိုသာ လျောက်ထားပြီးတော့ တိုင်းဒေသကြီးအစိုးရရဲ့ ညှိနှိုင်းလာချက်ပေါ်မှာ ကျန်တော်တို့ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ကနေပြီးတော့ လိုအပ်ချက်ပေါ်မူတည်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ လေးစားပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။မေးခွန်းများကို လာရောက်ဖြေကြားပေးတဲ့ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနက ပြည်ထောင်စု ဒုတိယဝန်ကြီးများအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကိုဆောင်ရွက်ပါမယ်။အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မဥပဒေကြမ်းကို ၂၃-၁၁-၂၀၁၅ ရက်နေ့မှာ လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာ နိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာ တင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာဝတ်ခွန်းဆက်သအပ်ပါတယ်။ ကျန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းအဖွဲ့ဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက် အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော သိပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ၂၀-၁၁-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၂၁-၁၁-၂၀၁၅ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် သိပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁-၁-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ရာ ၎င်းဥပဒေကြမ်းတွင် အခန်းပေါင်း (၁၂)ခန်းနှင့် အပိုဒ်ပေါင်း ၃၃ ပိုဒ် ပါရှိပါသည်။ သိပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၄)ကို ပြန်လည်ပြင်ဆင် ဖြည့်စွက်ရေးဆွဲခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) ၎င်းဥပဒေကြမ်း၌ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုကို တစ်နည်းနည်းအသုံးချ ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် မူပိုင်ခွင့်ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများ ပါဝင်ပါသဖြင့် ၎င်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းများနှင့်ဆက်စပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းရန် လိုအပ်ခြင်း၊

(ခ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များအား ထိရောက်မရှိစေရန် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို အချိန်ယူလေ့လာစိစစ်ညှိနှိုင်းရန် လိုအပ်နေခြင်း၊

(ဂ) ယခုအချိန်သည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ကူးပြောင်းကာလသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ညှိနှိုင်းစိစစ်ရန် အချိန်လုံလောက်မမရှိခြင်း။

၃။ သို့ဖြစ်ပါ၍ သိပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် လတ်တလော ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင်သာ ဆွေးနွေးဆောင်ရွက်သင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါသည်။ ဥပဒေကြမ်းကော်မတီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ သိပံနှင့် နည်းပညာဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**မူကြမ်း**

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ကြီးရဲ့ အဆုံးအဖြတ်အတိုင်း လိုက်နာပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားကို ထပ်ပြောပါ။

**ဦးခင်မောင်ညို (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ခုနက ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါအတိုင်း ဒုတိယလွှတ်တော် သက်တမ်းမှာသာ ဆက်လက်ဆွေးနွေးသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို သဘောတူလက်ခံတယ်လို့ရရှိပါတယ်။ ဒါကြောင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်က ပေးပို့လာတဲ့အပေါ်မှာ ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်များအား ထိရောက်မှုရှိ စေရန် ဥပဒေကြမ်းပါပြဋ္ဌာန်းချက်များကို အချိန်ယူလေ့လာစိစစ်ညှိနှိုင်းရန် လိုအပ်ခြင်းနှင့် လက်ရှိ အခြေအနေမှာ အချိန်ကာလအားဖြင့်လည်း လုံလောက်မှု မရှိခြင်းတို့ကြောင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ ဒုတိယအကြိမ် လွှတ်တော် သက်တမ်းတွင်သာ ဆက်လက် ဆွေးနွေးဆောင်ရွက်သင့်ပါကြောင်းကို တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ယခုဆက်လက် ဆွေးနွေးခြင်းမပြုတော့ဘဲ အမျိုးသား လွှတ်တော်သို့ ပြန်ပို့ရန်အတွက် သဘောတူ/မတူကို လွှတ်တော်ရဲ့သဘောထားကို ရယူမှာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အခုတင်ပြထားတဲ့ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်တွင် ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆွေးနွေးခြင်းမပြုတော့ဘဲ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော နည်းပညာနှင့်အသက်မွေးပညာရေး ဥပဒေကြမ်းကို ၃-၁၂-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ နည်းပညာနှင့်သက်မွေးပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၇-၂၀၁၅ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ၂-၁၂-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁-၁-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ရာ ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၂)ခန်းနှင့် အပိုဒ်ပေါင်း ၃၃ ပိုဒ်ပါရှိပါသည်။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့်သက်မွေးပညာရေးဥပဒေကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ရေးဆွဲခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့

လတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ အောက်ပါ အတိုင်းတွေ့ရှိရပါသည်။

(က) နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို အမျိုးသားပညာရေးမူဝါဒကော်မရှင်က ချမှတ်ထားသော မူဝါဒများ၊ အမျိုးသားပညာ ရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမ အကဲဖြတ်ကော်မတီ၏ မူဘောင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ စံများနှင့်အညီ အတည်ပြုပြဋ္ဌာန်းရမည်ဖြစ်ပါ သဖြင့် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားပညာရေး မူဝါဒကော်မရှင်နှင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ အစရှိသည်တို့ကို ဖွဲ့စည်းပြီး မှသာ ဤဥပဒေကြမ်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ခ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များနှင့် အခြေခံမူတို့ကို ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ နှင့် ကိုက်ညီမရှိစေရေးအတွက် လေ့လာစိစစ်နိုင်ရန် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါ သည်။

(ဂ) ယခုအခါ လတ်တော်သက်တမ်းတစ်ရပ်၏ ကူးပြောင်းကာလသို့ ရောက်ရှိနေပြီဖြစ် သဖြင့် ညှိနှိုင်းစိစစ်ရန် အချိန်လုံလောက်မမရှိခြင်းတို့ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်းကို ပြည်သူ့လတ်တော်တွင် လတ်တလော ဆောင်ရွက်ခြင်းမပြုဘဲ ဒုတိယအကြိမ် လတ်တော်သက်တမ်းတွင်သာ ဆွေးနွေး ဆောင်ရွက်သင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လတ်တော်သို့လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ သဘောထားကို ပြောပါ။

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)။** ။ ဥပဒေ ကြမ်း ကော်မတီရဲ့ အစီရင်ခံစာကို သဘောတူပါတယ်။ ပြည်သူ့လတ်တော်ရဲ့ ဆုံးဖြတ်ချက် အတိုင်း လိုက်နာ ပါမယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီအနေနဲ့ ထပ်မံတင်ပြပေးပါ။

**မူကြမ်း**

**ဦးခင်မောင်ရေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါ အတိုင်း ဒုတိယအကြိမ် လတ်တော်သက်တမ်းတွင်သာ ဆက်လက်ဆွေးနွေး သင့်ပါကြောင်း တင်ပြအပ် ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလတ်တော်က ပေးပို့လာတဲ့ အပေါ်မှာ ဥပဒေကြမ်း ကော်မတီက ဥပဒေကြမ်း၏ရည်ရွယ်ချက်များနှင့် အခြေခံမူတို့ကို ဥပဒေကြမ်း ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိစေရေးတို့အတွက် လေ့လာစိစစ်ညှိနှိုင်းရန် အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ခြင်းနဲ့ လက်ရှိအခြေအနေ မှာ အချိန်ကာလအားဖြင့်လည်း လုံလောက်မမရှိခြင်းတို့ကြောင့် နည်းပညာနှင့်သက်မွေးပညာရေး ဥပဒေကြမ်းကို ဆက်လက် ဆွေးနွေးခြင်းမပြုဘဲ ဒုတိယအကြိမ် လတ်တော်သက်တမ်းတွင်သာ ဆက်လက်ဆွေးနွေး ဆောင်ရွက်သင့်ပါကြောင်း တင်ပြလာတာဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနကလည်း သဘောတူ လက်ခံခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ယခုဆက်လက်ဆွေးနွေး ခြင်းမပြုတော့ဘဲ အမျိုးသားလတ်တော်သို့ ပြန်ပို့ရန်အတွက် သဘောတူ/မတူ လတ်တော်ရဲ့ သဘော ထားကို ရယူပါမယ်။ အခုတင်ပြထားတဲ့ နည်းပညာနှင့် သက်မွေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လတ်တော်တွင် ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ အမျိုးသားလတ်တော်သို့ ပြန်လည်ပေးပို့ရန် လတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နည်းပညာနှင့်သက်မွေးပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လတ်တော်တွင် ဆက်လက် ဆွေးနွေးခြင်းမပြုတော့ဘဲ အမျိုးသားလတ်တော်သို့ ပြန်လည်ပေးပို့ရန် လတ်တော်က အတည်ပြု ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၅-၁-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့သည့် အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၅-၁-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီး နောက် ၅-၁-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြု သည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅:၁၅**။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၁၁ ကို ဆက်လက် ဆောင်ရွက်ခြင်းမပြုမီမှာ လွှတ်တော်ကို ခေတ္တ ၁၅ မိနစ်ခန့် ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီရှင်။

**အချိန်၊ ၁၅:၃၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ကိုဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ဖြစ်သော ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းတို့ကို ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများကိုပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို အတည်ပြုခြင်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့အချက်(၃၁)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျနော်ကတော့ ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်ဖြစ်ပါတယ်ခင်ဗျား။ ကျနော့်အနေနဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန်အဆို တင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့

လတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၀-၁၁-၂၀၁၄ ရက်နေ့၊ ၁၀-၁၂-၂၀၁၅ ရက်နေ့၊ ၂၂-၁၂-၂၀၁၅ ရက်နေ့၊ ၃၀-၁၂-၂၀၁၅ ရက်နေ့နှင့် ၆-၁-၂၀၁၆ ရက်နေ့တို့တွင် ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းခဲ့ကြသည့် ဦးခမိုင်မုန်ကွမ်(ခ)ဒူဝါခမိုင်တန်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်နှင့် ဦးမင်းသူ၊ ဥတ္တရသီရိမဲဆန္ဒနယ်တို့မှ ကိုယ်စားလှယ်နှစ်ဦး၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အောက်ပါအချက်(၃၁)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတည်ပြုချက်အတိုင်း သဘောတူလက်ခံပါသည်။

ၾင်းတို့မှာ ဥပဒေခေါင်းစီး အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ သတ္တုတွင်းဝန်ကြီးဌာနမှတင်သွင်းသည့် ဥပဒေကြမ်း အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)နှင့် အပိုဒ်ခွဲ(ဋ)တို့ကို အမျိုးသားလွှတ်တော်မှ ဖြည့်စွက်ရန်မလိုအပ်ကြောင်း အတည်ပြုချက်၊ သတ္တုတွင်းဝန်ကြီးဌာန တင်သွင်းသည့် ဥပဒေကြမ်းရှိ အပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို အမျိုးသားလွှတ်တော်မှ ဖြည့်စွက်ရန်မလိုအပ်ကြောင်း အတည်ပြုချက်၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဋ) ခေါင်းစဉ် အသစ်ဖြည့်စွက်ချက်၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)ရှိ ပုဒ်မ ၂ ပုဒ်မခွဲ(ဘ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)ရှိ ပုဒ်မ ၃ ပုဒ်မခွဲ(စ)၊ အပိုဒ် ၆၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ် ၁၃၊ သတ္တုတွင်းဝန်ကြီးဌာနမှ တင်သွင်းသည့်ဥပဒေကြမ်း အပိုဒ် ၉ အပိုဒ်ခွဲ(ခ)နှင့်(ဂ)တို့ကို အမျိုးသားလွှတ်တော်မှ အစားထိုးရန်မလိုအပ်ကြောင်း အတည်ပြုချက်၊ အပိုဒ် ၁၅ ရှိ ပုဒ်မ ၁၇ ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)၊ အပိုဒ် ၂၀ ရှိ ပုဒ်မ ၂၃ ပုဒ်မခွဲ(ခ)၊ သတ္တုတွင်းဝန်ကြီးဌာနမှ တင်သွင်းသည့်ဥပဒေကြမ်း အပိုဒ် ၁၄ အပိုဒ်ခွဲ(ဂ)ကို အမျိုးသားလွှတ်တော်မှ အစားထိုးရန်မလိုအပ်ကြောင်း အတည်ပြုချက်၊ သတ္တုတွင်းဝန်ကြီးဌာနမှ တင်သွင်းသည့်ဥပဒေကြမ်း အပိုဒ် ၂၁ ကို အမျိုးသားလွှတ်တော်မှ အစားထိုးရန် မလိုအပ်ကြောင်းအတည်ပြုချက်၊ သတ္တုတွင်းဝန်ကြီးဌာနမှ တင်သွင်းသည့်ဥပဒေကြမ်း အပိုဒ် ၂၄ ကို အမျိုးသားလွှတ်တော်မှ ဖော်ပြရန်မလိုအပ်ကြောင်းအတည်ပြုချက်၊ အပိုဒ် ၂၈ ပုဒ်မ ၃၈

ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ ရှိ ပုဒ်မ ၄၂ ခြေဆင်း၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇ ရှိ ပုဒ်မ ၄၆ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ အပိုဒ် ၃၈ သတ္တုတွင်းဝန်ကြီးဌာနမှ တင်သွင်းသည့်ဥပဒေကြမ်း အပိုဒ် ၃၅ ကို အမျိုးသားလွှတ်တော်မှ အစားထိုးရန်မလိုအပ်ကြောင်း အတည်ပြုချက်၊ အပိုဒ် ၄၁ ရှိ ပုဒ်မ ၅၄ ခြေဆင်း ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) စသည်တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း သဘောတူလက်ခံသည့် အချက်(၃၁)ချက်ကို လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၃၁)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ အချက်(၃၁)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့အချက်(၃၁)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ အချက်(၈၉)ချက်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၈၉)ချက်မှာ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ) အမျိုးသားလွှတ်တော်၏အတည်ပြုချက်၊ အပိုဒ် ၂

အပိုဒ်ခွဲ(ည)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(ည)ရှိ ပုဒ်မ ၂ ပုဒ်မခွဲ(တ)၊ ပုဒ်မခွဲ(ထ)၊ ပုဒ်မခွဲ(န)၊ ပုဒ်မခွဲ(ဓ)၊ ပုဒ်မခွဲ(ပ)၊ ပုဒ်မခွဲ(ဖ)၊ ပုဒ်မခွဲ(ဗ)၊ ပုဒ်မခွဲ(ဒ) အပိုဒ် ၃ အပိုဒ်ခွဲ (ခ)ရှိ ပုဒ်မ ၃ ပုဒ်မခွဲ(င) အပိုဒ် ၄ ခြေဆင်းနှင့် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)၊ အပိုဒ် ၅ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၈၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၉၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၀၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၂၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၄၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၅၊ အပိုဒ် ၁၆ ရှိ ပုဒ်မ ၁၅ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) အပိုဒ် ၁၆ ရှိ ပုဒ်မ ၁၅ ပုဒ်မခွဲ(က)၊ အပိုဒ် ၁၆ ရှိ ပုဒ်မ ၁၅ ပုဒ်မခွဲ(က)၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၁၇၊ အပိုဒ် ၁၉ အမျိုးသားလတ်တော်၏အတည်ပြုချက် အပိုဒ် ၁၂ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ခြေဆင်းရှိ ပုဒ်မ ၁၇ ခြေဆင်း၊ အပိုဒ် ၂၃ ရှိ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲငယ်(၃)၊ ပုဒ်မခွဲငယ်(၄)၊ ပုဒ်မခွဲငယ်(၅)၊ ပုဒ်မခွဲငယ် (၆)၊ ပုဒ်မခွဲငယ်(၇) အမျိုးသားလတ်တော်၏အတည်ပြုချက် အပိုဒ် ၁၆ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ရှိ ပုဒ်မ ၂၃ ခြေဆင်းနှင့် ပုဒ်မခွဲ(က) အပိုဒ် ၂၇ ရှိ ပုဒ်မ ၂၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲငယ်(၃) အမျိုးသားလတ်တော်၏အတည်ပြုချက် အပိုဒ် ၂၀ ရှိ ပုဒ်မ ၂၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲ ၄ ကိုပယ်ဖျက်ခြင်း၊ အမျိုးသားလတ်တော်၏အတည်ပြုချက် အပိုဒ် ၂၁ ခြေဆင်းနှင့် အပိုဒ် ၂၁ ရှိ အခန်း(၈) ခေါင်းစဉ် ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၈ အမျိုးသားလတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၁ ရှိ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ(ဂ)တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ ရှိ ပုဒ်မ ၃၀ ခြေဆင်းနှင့် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၆ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀ ရှိ ပုဒ်မ ၃၈ ခြေဆင်း အပိုဒ် ၄၀ ရှိ ပုဒ်မ ၃၈ ပုဒ်မခွဲ(က) အပိုဒ် ၄၃၊ အပိုဒ် ၄၅ ရှိပုဒ်မ ၄၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၉ ရှိ ပုဒ်မ ၄၆ ခြေဆင်းနှင့် ပုဒ်မ ၄၆ ပုဒ်မခွဲ(က) အမျိုးသားလတ်တော် ၏အတည်ပြုချက် ပုဒ်မ ၃၇ ရှိ ပုဒ်မ ၄၆ ပုဒ်မခွဲ(က)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅၃၊ အပိုဒ် ၅၄ ရှိ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဆ)တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၈၉)ချက်အား လတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သတ္တုတွင်းဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**မူကြမ်း**

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ ဥပဒေကြမ်း ကော်မတီရဲ့ တင်ပြပါအတိုင်း သဘောတူကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက ပြင်ဆင် ထားတဲ့အချက်များကို သက်ဆိုင်ရာ သတ္တုတွင်းဝန်ကြီးဌာနက ပြည်ထောင်စု ဒုတိယ ဝန်ကြီးကလည်း လက်ခံသဘောတူကြောင်း ဖြေကြားသွားပြီးဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် (၈၉) ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၈၉)ချက် သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများကို ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင် အတည်ပြုချက်များကြောင့် ပြောင်းလဲ သွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ကို ရယူမှာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါကြောင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လတ်တော်သို့ ပေးပို့လာတဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်းမဲဆန္ဒနယ်က တင်သွင်းသော တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေးကော်မတီ၏ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ရန်ကုန်မြို့တွင် တည်ဆောက်နေသော အထက်မြင့်အဆောက်အဦများကို ဥပဒေများ၊ စည်းမျဉ်းစည်းကမ်း များနှင့် ညီညွတ်စေရန် ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးစတင်ချိန်က တင်သွင်းခဲ့တဲ့ အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး အစီအစဉ်(၁၁)ပြီးရင် ဆက်လက်ဆောင်ရွက်သွားမယ်လို့ တင်ပြထားခဲ့ပါတယ်။ ယခု အဆိုပါအဆိုနှင့်ပတ်သက်ပြီးတော့ ဒေါက်တာဒေါ်မေဝင်းမြင့် တင်သွင်းတဲ့အဆိုကို ဆွေးနွေးပေးမယ့် ကိုယ်စားလှယ်နှစ်ဦး စာရင်းပေးထားတာရှိပါတယ်။ ပထမဦးစွာ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူက ဆွေးနွေးဖို့ဖြစ်ပါတယ်။ အကယ်၍ ဆွေးနွေးချက်များနှင့် ပြန်လည်ဖြေကြားချက်များ အချိန်အနည်းငယ်(၄)နာရီထက်ကျော်လွန်သွားခဲ့ရင် ဆက်လက်ပြီးပြီးဆုံးအောင် ဆောင်ရွက်သွားဖို့ ခွင့်ပြုပါလို့ ကျနော် လတ်တော်ကို ဦးစွာကြိုတင် ခွင့်ပန်ကြားပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု ဦးမင်းသူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသူ(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး။ ကျနော်ကတော့ ဥတ္တရသီရိ မဲဆန္ဒနယ်မှ ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးမင်းသူဖြစ်ပါတယ်။ ကျနော့်အနေနဲ့ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်၏ အရေးကြီးအဆိုအပေါ် လိုအပ်သည်များကို ဖြည့်စွက်၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုနဲ့ပတ်သက်

ပြီး ထောက်ခံအတည်ပြုဆွေးနွေးခဲ့တဲ့ မော်လမြိုင်မဲဆန္ဒနယ် ဒေါ်ခင်ဌေးကြွယ်၏ ဆွေးနွေးတင်ပြသွားသော နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ စည်ပင်သာယာရေးဥပဒေများနဲ့မကိုက်ညီသော ဆောက်လုပ်ဆဲအဆောက်အဦများနဲ့ပတ်သက်၍ ကျန်တော် အဓိကထားဆွေးနွေးသွားမှာဖြစ်ပါတယ်။ မူလအဆိုရှင်၏ အဆိုမှာ ရန်ကုန်မြို့တွင်တည်ဆောက်နေသော အထပ်မြင့်အဆောက်အအုံများကို ဥပဒေစည်းမျဉ်းစည်းကမ်းများနဲ့ညီညွတ်စေရန် ဆောင်ရွက်ပြီးသည်ထိ ရပ်ဆိုင်းထားပါရန်ဆိုသော အဆိုအပေါ် ကျန်တော့်အနေနဲ့ ဖြည့်စွက်လိုတာကတော့ ရန်ကုန်မြို့အပါအဝင် ကျန်တော်တို့ ဒီမြို့တော်သစ်ဖြစ်တဲ့ နေပြည်တော်ကောင်စီနယ်မြေမှာ ဖြစ်တဲ့ နေပြည်တော်အပါအဝင် မြို့ကြီးတွေမှာ တည်ဆောက်နေသော၊ တည်ဆောက်ဆဲဖြစ်သော အဆောက်အအုံများနဲ့ပတ်သက်၍ တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေးကော်မတီ၏ စည်းမျဉ်းစည်းကမ်းများနဲ့ ညီညွတ်မမရှိသော အဆောက်အအုံများအပေါ် ညီညွတ်မရှိစေရန် ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားပါရန်နှင့် ညီညွတ်စေရန် လိုအပ်သောအရေးယူမများပြုလုပ်ရန်ဆိုသော အဆိုအပေါ် ကျန်တော်ဖြည့်စွက်ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဒီအဆိုနဲ့ပတ်သက်၍ ကျန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ကျန်တော်၏မဲဆန္ဒနယ်ဖြစ်သော နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိ ရပ်ကွက်မှာ အဆောက်အအုံများနဲ့ပတ်သက်၍ ဆောက်လုပ်ရန် လိုက်နာရမည့်စည်းကမ်းများနဲ့ ပတ်သက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ စည်ပင်သာယာရေးအဖွဲ့များ၊ ဥပဒေများနဲ့ အတူ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဆောက်လုပ်မည့်အဆောက်အအုံများနဲ့ ပတ်သက်၍ ယင်းဆောက်လုပ်မည့်မြေနေရာနှင့် နယ်နိမိတ်အကြား အမှတ်အသားများကို အောက်ပါအတိုင်း မြေကွက်ရှိစေရမည်ဟူ၍ သတ်မှတ်ထားပါသည်။ ကျန်တော်တို့ နေပြည်တော် မြို့ကွက်သစ်များဖြစ်သော ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တွင် အရှေ့ဘက်မျက်နှာစာအား (၁၂) ပေ၊ အနောက်ဘက်မျက်နှာစာအား (၈) ပေ၊ ဘေး ဘယ်၊ ညာမျက်နှာစာအား (၅) ပေ ခွာ၍ အဆောက်အအုံနှင့် ဆောက်လုပ်မည့်မြေနေရာ နယ်နိမိတ်အကြား မြေကွက်လပ်ရှိစေရမည်ဟု သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ အထက်ပါ စည်းကမ်းများနဲ့မညီညွတ်ဘဲ သွေဖီပြောင်းလဲ၍ ဆောက်လုပ်ခြင်း၊ သတ်မှတ်ခွင့်ပြုထားသော ပုံစံများမှ ပြောင်းလဲဆောက်လုပ်ပါက စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၈ အရ အဖွဲ့မှ သင့်လျော်သလို အဆောက်အအုံအား ပြောင်းလဲဆောက်လုပ်စေခြင်း၊ ဖျက်သိမ်းစေခြင်း အမိန့်ချ ဆောင်ရွက်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုလို ဒီစည်းမျဉ်းစည်းကမ်းနဲ့ မညီဘဲ ဆောင်ရွက်နေသော၊ ဆောက်လုပ်နေသော၊ ဆောက်လုပ်ဆဲဖြစ်သော အဆောက်အအုံများ

အပေါ် အရေးကြီးအဆိုမှာ တင်ပြထားသည့်ဆောက်လုပ်မအား ရပ်ဆိုင်းထားပါရန် ဥပဒေနဲ့ ညီညွတ်သည့်အတွက် ဒီအဆိုအား ထောက်ခံခြင်းဖြစ်ပါသည်။ စည်ပင်သာယာရေးပုဒ်မ ၁၈ နှင့်ဆန့်ကျင်၍ အဆောက်အအုံ၏ မည်သည့်အစိတ်အပိုင်းကိုမျှ လမ်း သို့မဟုတ် ရေမြောင်း သို့မဟုတ် ပလက်ဖောင်းပေါ်သို့ ကျူးလွန်၍ ထိုးထွက်နေခြင်း၊ မိုးလျက်ရှိခြင်းမရှိစေရ။ ဤအဖွဲ့၏ ဆောက်လုပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရသာ ဆောက်လုပ်ရမည်ဟု ဖော်ပြထားသည့်အတိုင်း ဆောက်လုပ်ရန် ညွှန်ကြားထားသော်လည်း ဆောက်လုပ်ဆဲအဆောက်အအုံများ၊ ဆောက်လုပ်ပြီးအဆောက်အဦများသည် ယခုစည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်သည့်အပေါ် ဥပဒေနဲ့အညီ အရေးယူပေးပါရန် ထပ်မံဖြည့်စွက်တင်ပြခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါက်တာဒေါ်မေဝင်းမြင့်၏အရေးကြီးအဆိုအပေါ် လိုအပ်သည်များကို ဖြည့်စွက်၍ ထောက်ခံဆွေးနွေးသွားခြင်းဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရေပြည်သာမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျ။ ကနဦးတော့အနေနဲ့ ဒေါက်တာဒေါ်မေဝင်းမြင့်ဆွေးနွေးသွားတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဒီအဆိုဟာ ကျန်တော်တို့နိုင်ငံတော်အတွက်သော်လည်းကောင်း၊ ရန်ကုန်မြို့တော်အတွက်သော်လည်းကောင်း၊ များစွာ အကျိုးဖြစ်ထွန်းစေမယ့်ဥပဒေဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ အလားတူပဲ ကျန်တော်တို့ ယနေ့နိုင်ငံတော်အစိုးရအဖွဲ့သော်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့သော်လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့သော်လည်းကောင်း ဥပဒေနှင့်အညီ ဒီငါးနှစ်တာကာလအတွင်းမှာ ကြိုးပမ်းဆောင်ရွက်ခဲ့တာလည်း ကျန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာဆိုရင် မြို့နယ်ပေါင်းများစွာမှာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့များကို ပြည်သူ့အကြိုက်ရွေးချယ်ပြီးတော့ လုပ်နေတာလည်း လေ့လာတွေ့ရှိရပါတယ်။ ကျန်တော်တို့ ရန်ကုန်မြို့နဲ့ ပတ်သက်လို့ တင်ပြရရင်တော့ အသင့်ရှိနေတဲ့ Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျ။ ရန်ကုန်မြို့ဟာ ၁၉၂၀ ပြည့်နှစ်လောက်ကတည်းက အလွန်တရာမှ အရှေ့တောင်အာရှမှာ နာမည်ကြီးတဲ့မြို့ဖြစ်ပါတယ်။ ဒီ့အပြင် ရန်ကုန်မြို့ကို အဲဒီကာလတုန်းက ကမ္ဘာ့အနောက်ခြမ်းဒေသ နိုင်ငံအားလုံးကလည်း နှစ်သက်ကြပါတယ်။ ဒါ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမရေးအရ ဖြစ်ပါတယ်။ အဲဒီကာလတုန်းက ရှိခဲ့တဲ့အနေအထားအရ ကျန်တော် တင်ပြထားတဲ့ မြို့တော်ခန်းမတို့၊ အတွင်းဝန်ရုံးတို့၊ ဒီ ပင်လယ်

ဆိပ်ကမ်းနှင့်နီးတဲ့ အဆောက်အဦတွေက ယနေ့ နှစ်တစ်ရာဝန်းကျင် လောက်ဖြစ်ပြီးတော့ ခိုင်ခိုင်မာမာနဲ့ ရပ်တည်နိုင်တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

အလားတူပဲ အဲဒီကာလတုန်းက ရန်ကုန်မြို့သည် ဥရောပသွားမယ့်လူတွေ၊ အင်ဒိုချိုင်းနားကျန်းဆွယ်မှာ လည်ပတ်မယ့်လူတွေဟာ Transit အနေနဲ့ သုံးခဲ့တဲ့မြို့ဖြစ်ပါတယ်။ ယနေ့ ၂၀၁၅ ခုနှစ်မှာ ရန်ကုန်မြို့ရဲ့အနေအထားသည် အရင်ကလို အနောက်ဘက်တစ်ခုတည်းမဟုတ်ဘဲနဲ့ အရှေ့ရော၊ အနောက်ရော နှစ်ဖက်ကနေပြီးတော့ မကြာခင်ကာလမှာ အပြိုင်အဆိုင်လုယက်မယ့်အနေအထား တွေ့ရမှာဖြစ်ပါတယ်။ ကျန်တော်တို့ ရန်ကုန်မြို့မှာ အထင်ကရဖြစ်တာကတော့ တင်ပြသွားတဲ့ ရေတိဂုံဘုရားဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ ဒီရေတိဂုံဘုရားကို အခြေပြုပြီးတော့ ရေတိဂုံဘုရားဝန်းကျင်မှာ လေးထပ်ထက်မြင့်တဲ့အဆောက်အဦတွေ မဆောက်ရဘူးလို့လည်း သတ်မှတ်ချက်တွေရှိပါတယ်။ အလားတူ ဒါနဲ့ပတ်သက်လို့လည်း ဥပဒေနဲ့အညီ အရေးယူနေတာတွေလည်း တွေ့ရပါတယ်။ သို့သော် ပညာရှိသတိဖြစ်ခဲဆိုသလို တချို့ကိစတွေမှာလည်း ပြည်သူလူထုစိုးရိမ်ပူပန်မှုတွေရှိပါတယ်။

ဒါက ရေတိဂုံဘုရားဝန်းကျင်မှာ ဆောက်ထားတဲ့အဆောက်အဦများကို ကျန်တော် တင်ပြပါ့မယ်။ (၁)ကတော့ ကမာအေးဘုရားလမ်းအတိုင်းလာမယ်ဆိုရင်တွေ့ရတဲ့ Sedona Hotel ဘေးမှာ ယနေ့ မြန်မာပလာဇာဆိုပြီးတော့ ဗီယက်နမ်ကနေ ဆောက်နေတဲ့အဆောက်အဦတွေ ရှိပါတယ်။ ဒါကတော့ မကြာခင် စတင်အကောင်အထည်ဖော်နေတဲ့ AEC အတွက် ဗီယက်နမ်ကနေပြီးတော့ လာရောက်ရင်းနှီးမြုပ်နှံခြင်းဖြစ်ပါတယ်။ ဒါ မြန်မာနိုင်ငံအနေနဲ့ ကြိုဆိုရမယ့်အဆောက်အဦတွေဖြစ်ပါတယ်။ ဒါကိုလည်း ကျန်တော်တို့ ဥပဒေနှင့်အညီ ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် အခု ဒေါက်တာဒေါ်မေဝင်းမြင့် တင်ပြတဲ့အတိုင်း ဥပဒေအတိုင်း ဆောက်ရွက်နိုင်ဖို့ လိုမှာဖြစ်ပါတယ်။ အလားတူပဲ အဲဒီကနေ ကမာအေးဘုရားလမ်းအတိုင်း ဆက်လာမယ်ဆိုရင် ကျန်တော်တို့ ရေတိဂုံဘုရားကြီးရဲ့ မြင်ကွင်းကို ပိတ်ဆို့နေတဲ့ 68 Residence ဒါကြီးက အခုဆောက်နေပါတယ်။ ဒီအဆောက်အဦကြီးကလည်း ကမာအေးဘုရားလမ်းနှင့် တင်ပြပါလမ်းဆုံမှာရှိတဲ့အတွက်ကြောင့် ယာဉ်အသွားအလာအတွက်သော်လည်းကောင်း၊ ကျန်တော်တို့ အထွတ်အမြတ်ထားတဲ့ ရေတိဂုံဘုရား အကာအကွယ်အတွက်သော်လည်းကောင်း အများကြီးကန့်သတ်ချက်တွေရှိနေပါတယ်။ ဒါတွေလည်း ပြန်လည်ပြီးတော့ လေ့လာသုံးသပ်နိုင်ဖို့ ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်။

**မူကြမ်း**

နောက်တစ်ခုကတော့ ဒါက ပါရမီလမ်းဆုံကနေဝင်သွားရင် ဦးထွန်းငြိမ်းလမ်းရှိပါတယ်။ အဲဒီမှာ ကျန်တော်တို့ ၃၄ ထပ်မြင့်တဲ့အဆောက်အဦဆောက်နေတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့တော့ ၂၀၁၃ ခုနှစ်မှာ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမကော်မတီ ကျန်တော်တို့ ကော်မတီမှာ ဒီအမကို ဖြေရှင်းပါတယ်။ ပတ်ဝန်းကျင်ကအကုန်လုံးပဲ လာရောက်ပြီးတော့ မကျေနပ်လို့ တိုင်တန်းပါတယ်။ သို့သော် ဒီအဆောက်အဦက ဆောက်လုပ်ပြီးစီးတော့မှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အရင်တုန်းက အစိုးရရိပ်သာဖြစ်ပါတယ်။ ဒီနေရာက လင့်လမ်းနဲ့ Boundary လမ်းဆုံးပြီးဖြစ်ပါတယ်။ ဒီနေရာသည် အမှန်တကယ်ပြောရင်တော့ ရေတိဂုံဘုရားနှင့် အလွန်နီးပါတယ်။ ဒီမှာ Bored pile တွေရိုက်ပြီးတော့ အခု အဆောက်အဦတွေ ဆောက်လုပ်နေတာလဲ ပြီးတော့မှာဖြစ်ပါတယ်။ ဒါတွေလည်း အခုတင်ပြသွားတဲ့ အရေးအကြီးအဆိုအတိုင်းပဲ ဥပဒေနှင့်ညီအောင် ဆောင်ရွက်ပေးကြဖို့ လိုမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျန်တော်တို့ ပြီးခဲ့တဲ့ လွှတ်တော်မှာ တောင်ဥက္ကလာပ မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း ဆွေးနွေးလို့ ကျန်တော်တို့ ထည့်သွင်း ဆွေးနွေးသွားတဲ့ Dagon City ဖြစ်ပါတယ်။ ဒါကိုလည်း ကျန်တော်တို့ အလားတူပဲ ရန်ကုန်မှာရှိတဲ့ ပြည်သူလူထု စိုးရိမ်နေတဲ့အတွက်ကြောင့် ဥပဒေနှင့်အညီ ဆောင်ရွက်ဖို့ လိုမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပြည်သူ့ရင်ပြင်က အဆောက်အဦများဖြစ်ပါတယ်။ အခု ကျန်တော် တင်ပြသွားတဲ့ ပြည်သူ့ရင်ပြင်လင့်လမ်းထိပ်ကအဆောက်အဦ။ အလားတူ အခုနက တင်ပြသွားတဲ့ အာဇာနည်ကုန်းက အဆောက်အဦများသည် ရေတိဂုံဘုရားရဲ့ ပရဝုဏ်အတွင်းမှာရှိပါတယ်။ ဒါကြောင့် ဒါတွေသည် အခက်အခဲများစွာရှိတဲ့အတွက်ကြောင့် ပြည်သူ့ရင်ပြင်ရဲ့အောက်မှာ Underground မှာလည်း ဆိုင်များနှင့် ပြည့်နှက်နေပါပြီ။ ဒါတွေလည်း ကျန်တော်တို့ ဥပဒေနဲ့အညီ နောင်လာမယ့် အစိုးရအတွက်လည်း ကျန်တော်တို့ လေ့လာသုံးသပ်ပြီးတော့ ပြင်ဆင်ဆောင်ရွက်နိုင်ဖို့လိုမှာဖြစ်ပါ တယ်။ နောက်တစ်ခုကတော့ မြကျန်းသာဖြစ်ပါတယ်။ မြကျန်းသာဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်က ကျန်တော်တို့ ဆွေးနွေးပါတယ်။ ယနေ့ ဒါလည်း ကျန်တော် သိသလောက်တော့ ဥပဒေနဲ့အညီ ဆောင်ရွက်နေတာဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေတဲ့အတွက် ကြောင့် အားလုံးကို ကြိုဆိုပါတယ်။ သို့သော် သတ်မှတ်ထားတဲ့ ရေတိဂုံဘုရားပရဝုဏ်၊ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့အက်ဥပဒေ အားလုံးနဲ့အညီ လုပ်ထားတယ်လို့လည်း သိရပါ တယ်။ သို့သော် ပြည်သူစိုးရိမ်နေတာကို ကျန်တော် ဖြည့်စွက်ပြီးတော့ တင်ပြပေးခြင်းဖြစ်ပါတယ်။

**မူကြမ်း**

ဒီထက်ပိုပြီးတော့ ပြည်သူလူထု စိုးရိမ်တာကတော့ ရန်ကုန်မြို့မှာ မြေကွက်လပ်တွေများစွာ ကျန်ရှိပါတယ်။ ဒါကတော့ အခုတင်ပြတဲ့ တော်လှန်ရေးပန်းခြံ၊ အဲဒီရဲ့မျက်စောင်းထိုးနားမှာ ဗဟန်းအားကစားကွင်း။ နောက် ကျန်တော်တို့ ကျိုကဆံကွင်းလို နေရာမျိုးကြီးတွေဟာ ရန်ကုန်မြို့ အတွက် အနာဂတ်မှာ လိုအပ်မယ့်နေရာတွေဖြစ်ပါတယ်။ ဒါတွေဟာ ဘယ်လိုပဲ အချိန်ကာလ ပြောင်းပြောင်း၊ အစိုးရဘယ်လိုပဲပြောင်းပြောင်း ဒီနေရာသည် နိုင်ငံတော်သူ နိုင်ငံတော်သားများ အတွက် ကျန်ရှိနေသေးတဲ့နေရာတွေဖြစ်ပါတယ်။ နိဂုံးချုပ်တင်ပြလိုတာကတော့ ဒေါ်မေဝင်းမြင့်ရဲ့ ဆွေးနွေးချက်သည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေပါတယ်။ အဲဒီမှာ အပိုင်းနှစ်ပိုင်းပါပါတယ်။ ပထမပိုင်းကတော့ နိုင်ငံတော်ဘတ်ဂျက်နဲ့ဆောက်တဲ့အဆောက်အဦများ ကိစ္စဖြစ်ပါတယ်။ ဒုတိယပိုင်း ကတော့ ကျန်တော်တို့ ပုဂ္ဂလိကလုပ်ငန်းရှင်များ ဆောက်လုပ်တဲ့အဆောက်အဦများ ဖြစ်ပါတယ်။ နှစ်ခုလုံးသည် စည်ပင်သာယာအက်ဥပဒေအရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို တင်ပြပြီးသာ ဆောက်လုပ်ဖို့လိုပါတယ်။ ဝန်ကြီးဌာနများအနေနဲ့လည်း ၂၀၁၀ ခုနှစ် အသွင်ကူး ပြောင်းရေးကာလတုန်းက ယခင်ခေတ်က ဘတ်ဂျက်နဲ့သုံးပြီးတော့ ဆောက်ခဲ့ရတဲ့အနေအထားတွေ လည်းရှိတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါတွေကတော့ တစ်ခါတစ်ရံမှာဖြစ်တတ်ပါတယ်။ သို့သော် နောင်အနာဂတ်မှာ ဒါတွေမရှိဖို့နဲ့ ကျန်တော်ယခုတင်ပြသွားတဲ့ ပြည်သူလူထုစိုးရိမ်နေတဲ့ မြေနေရာ များ၊ အဆောက်အဦများနဲ့ပတ်သက်လို့လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စည်းကမ်းတကျ ဆောင်ရွက်နေသော်ငြားလည်း ပြည်သူလူထုက စိုးရိမ်နေတဲ့အတွက်ကြောင့် ပြည်သူလူထုရဲ့စိုးရိမ်မတွေပပျောက်ဖို့ ဆောင်ရွက်ဖို့လိုပါမယ်။ အခု တင်ပြသွားတဲ့အဆိုကိုလည်း ထောက်ခံဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါခင်ဗျား။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းင်္ဂ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့တော့ ဒီကိစ္စမှာ ကျန်တော်တို့က တိုက်ရိုက်ပတ်သက်တဲ့ အနေအထားမျိုးမရှိပါဘူး။ ဒီတော့ ကျန်တော် အဓိကအားဖြင့် အချက်သုံးချက်တင်ပြပါမယ်။

**မူကြမ်း**

ပထမအချက်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့က မြန်မာပြည်တစ်နံတစ်လျားမှာ ဆောက်လုပ်နေတဲ့ အဆောက်အဦးတွေနဲ့ပတ်သက်ပြီးတော့ သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းဥပဒေများအတိုင်း လိုက်လျောညီထွေစွာ ဆောင်ရွက်လျက်ရှိ ပါကြောင်း ပထမအချက်အနေနဲ့ တင်ပြလိုပါတယ်။ ဒုတိယအချက်ကတော့ အဆောက်အဦတွေ ဆောက်လုပ်တဲ့အခါမှာ နေပြည်တော်၊ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်စတဲ့ ဒီ မြို့ကြီးသုံးခုမှာတော့ သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီတွေကနေပြီးတော့ အဆောက်အဦတွေကို ကြီးကြပ်ပြီးတော့ ခွင့်ပြုလျက်ရှိပါတယ်။ ဒီလိုကြီးကြပ်ခွင့်ပြုလျက်ရှိရာမှာလည်းပဲ သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေချမှတ်ပြီးတော့ ခွင့်ပြုထားတာဖြစ်ကြောင်း သတိပြုမိတာဖြစ်ပါတယ်။ တတိယအချက်ကတော့ ဒီလိုခွင့်ပြုတဲ့အခါမှာ အထပ်မြင့်အဆောက်အဦတွေ ဆောက်လုပ်ထားတာ ရှိပါတယ်။ ဒီတော့ အထပ်မြင့်အဆောက်အဦဆောက်လုပ်တာနဲ့ ပတ်သက်ပြီးတော့ ကျန်တော်တို့က ကော်မတီတစ်ရပ်ဖွဲ့စည်းထားတာ ရှိပါတယ်။ အဲဒီကော်မတီကတော့ အထပ်မြင့်အဆောက်အဦ တည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ဆိုပြီးတော့ ဖွဲ့ပေးထားတာ ဖြစ်ပါတယ်။ အင်္ဂလိပ်လိုတော့ ကျန်တော်တို ဒါအများခေါ်နေကြတဲ့ CQHB ဆိုတာ ဖြစ်ပါတယ်။ CommitteeOf Quality Control and High Rise Building (CQHB) ဆိုပြီးတော့ အဖွဲ့ဖွဲ့ထားတာ ဖြစ်ပါတယ်။ ဒီအဖွဲ့မှာတော့ ရန်ကုန်နည်းပညာတက္ကသိုလ်က ဆရာဦးခင်မောင်တင့်ကို ဥက္ကဋ္ဌအဖြစ်တာဝန်ပေးပြီးတော့ အဖွဲ့ဝင် ၂၈ ဦး ပါဝင်တဲ့အဖွဲ့ဖြစ်ပါတယ်။ ဒီအဖွဲ့ရဲ့တာဝန်ကတော့ ၁၂ ထပ်ခွဲနှင့်အထက်ရှိတဲ့ အဆောက်အဦများကို ကြီးကြပ်စစ်ဆေးရတဲ့အလုပ်ကို ဆောင်ရွက်လျက် ရှိပါတယ်။ ဒီအဖွဲ့ကိုလည်းပဲ လွတ်လပ်တဲ့အဖွဲ့အစည်းတစ်ခုအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးထားပေမယ့် လွတ်လပ်စွာဖွဲ့စည်းပြီးတော့ သူတို့ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တော်တို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ တင်ပြလိုတာကတော့ မြန်မာပြည်တစ်ဝှမ်းလုံးမှာ ဘယ်နေရာမှာပဲ အဆောက်အဦဆောက်ဆောက် ကျန်တော်တို့ဟာ သတ်မှတ်ထားတဲ့ ဥပဒေတွေ၊ စည်းကမ်းတွေပြီးရင် စံချိန်စံညွှန်းတွေကို အခြေခံအဓိကထားပြီးတော့ ဆောက်လုပ်ရမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ သဘောထားကို ပြောပါ။

**မှုကြမ်း**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ဆေးရုံမှာလက်ရှိ အခြေအနေမှာ Available Bed က ၁၁၅၀ ခန့်ရှိပြီးတော့ လက်ရှိအသုံးပြုနေတဲ့ လူနာခုတင်အရေအတွက်က ၁၇၅၀ ဖြစ်ပါတယ်။ တစ်ခါ တစ်နှစ်ပတ်လုံး ဆေးရုံတက်တဲ့လူနာကို ကြည့်မယ်ဆိုရင် ယခင်က ၂၅၀၀၀ ခန့်သာရှိခဲ့ရာကနေ အခု ၂၀၁၄ ခုနှစ်မှာတော့ လူနာ ၆၂၅၀၀ ခန့်တိုးတက်လာပါတယ်။ သို့အတွက်ကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ လူနာဆောင် ထပ်မံဆောက်လုပ်ရန် လိုအပ်တယ်လို့ သုံးသပ်မိပါတယ်။ သို့အတွက်ကြောင့် လူနာဆောင်ထပ်မံဆောက်လုပ်နိုင်ရန်အတွက် Procedure အတိုင်း ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ သို့ရာတွင် ယခုဆွေးနွေးချက်အရ ဆောက်လုပ်မှုကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ပြန်ကြားတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုရှင် ဒေါက်တာဒေါ်မေဝင်းမြင့်ရဲ့ သဘောထားကိုပြောပါ။

**ဒေါက်တာဒေါ်မေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)။** ။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ အခုလို ကျန်းမာရေးဝန်ကြီးအနေနဲ့ ဆောက်လုပ်ဆဲ ၁၂ ထပ်အဆောက်အဦကို ရပ်ဆိုင်းထားမယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။ ကျနော်မရဲ့အဆိုကို ဝိုင်းဝန်းထောက်ခံဆွေးနွေးပေးကြတဲ့ ကိုယ်စားလှယ်များကိုလည်း ကျေးဇူးတင်ပါတယ်။ ဥပမာပေးခဲ့တာက အချိန်ကိုလေးစားသောအားဖြင့် နှစ်ခုတည်း ပြောခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဥပမာပေးခဲ့တဲ့အတိုင်း တကသိုလ်ရိပ်သာလမ်း ၂၄ အဆောက်အဦကိစလည်း ကျန်ရှိနေသေးသလို တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေးကော်မတီများရဲ့ စည်းမျဉ်း၊ စည်းကမ်းများနဲ့ ညီညွတ်ခြင်းမရှိဘဲ ဆောက်လုပ်နေတဲ့အဆောက်အဦများဟာ ပြည်နယ်နှင့်တိုင်းအနှံ့မှာရှိတဲ့အတွက် ကျနော်မရဲ့အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ မှတ်တမ်းတင်ထားရှိပေးပါရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင် ဒေါက်တာဒေါ်မေဝင်းမြင့် တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံ ဆွေးနွေးသွားပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ရှင်းလင်းပြောကြားပေးသွားတာ ရှိပါတယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီးတော့ အဆို ရှင်ဒေါက်တာ ဒေါ်မေဝင်းမြင့်ကလည်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့

ဆောက်လုပ်နေသော ကိစ္စရပ် များကို စောင့်ကြည့်ရမှာ ဖြစ်တဲ့အတွက် မှတ်တမ်းတင် စောင့်ကြည့်ပေးသွားဖို့ ပြောသွားတာရှိပါတယ်။ ဒါကြောင့် ဒေါက်တာဒေါ်မေဝင်းမြင့် အဆိုရှင်ရဲ့ လိုအပ်တဲ့ပြောကြားတဲ့ အဆိုအတိုင်း ဒီအဆိုနဲ့ စပ်လျဉ်းပြီး အဆိုကို မှတ်တမ်းတင်စောင့်ကြည့်သွားရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူမရှိတဲ့အတွက် အဆိုရှင်ဒေါက်တာဒေါ်မေဝင်းမြင့် တင်သွင်းသွားတဲ့ အဆိုကို လွှတ်တော်ကမှတ်တမ်းတင်စောင့်ကြည့်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၆း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ကို ၁၆း၁၀ နာရီ အချိန်တွင်ရပ်နားပါသည်။]

**မူကြမ်း**